NSW GOVERNMENT Education Public Schools

Drive and park safely near schools

မော်တော်ကားလမ်းများပေါ် ဘေးကင်းရေး ဆိုင်ရာ အချက်အလက်များ။

ကလေးများ အိမ် မှ ကျောင်း၊ ကျောင်းမှအိမ် ခရီးသွားလာစဉ် ဘေးကင်းရေးသည် သင်၏ တာဝန် ဖြစ်ပါသည်။

ကျောင်း ကျောင်းအနီး ကားကို သတိ နှင့် မောင်းပါ။ ဆိုက်ရပ်ထား ပါ။

ကျောင်းရှိသည့်နေများတွင် ကျောင်းတက်ချိန် နှင့် ကျောင်းဆင်းချိန် တို့သည် ကျောင်း ပတ်ဝန်းကျင်ရှိ လမ်းလျှောက်နေသူများရော ကားမောင်းနေသူများအတွက်ပါ အင်မတန် အလုပ်ရှုပ်သော အချိန်ဖြစ်သည်။

သင့်အနေနှင့် အောက်ပါတို့ကို မှတ်သားထားခြင်းဖြင့် ကလေးများအား ဘေးကင်းစေနိုင်ပါသည်။

- ကလေးတွေကို လမ်း၏ ကျောင်းရှိသည့်ဖက် ကိုသာ ချပါ၊ ကြိုပါ။
- လမ်းတစ်ဖက်မှနေပြီး ကလေးများကို အော်မခေါ် ပါနဲ့။ ဘေးရန်များလွန်းပါသည်။
- ကျောင်းပတ်ဝန်းကျင် ၄၀ ကီလိုမီတာနှုန်း သတ်မှတ်ထားသော လမ်းများတွင် ကားကို အထူးဂရုစိုက် ပြီး မောင်းပါ။
- ကားများရပ်ထားရန် သတ်မှတ်ထားသည့် နေရာ များတွင် ရှေးသားထားသော ဆိုင်းဘုတ်ပေါ် သတိပြုရန် အမှတ်အသားကို လိုက်နာပါ။ ကလေးများအား ဘေးကင်းဝေးစေမည်။
- မော်တော်ကားကို ဆင်ခြင်သုံးသပ်ပြီး ရပ်ထားပါ။ သင့်အနေနှင့် ကျောင်းဝင်းတံခါးသို့ အဝေးကြီး လျှောက်ရရင် လျှောက်ရပါစေ။
- လမ်းပေါ်တွင် ကား ၂ စီး ပူးပြီး ဘယ်တော့မှ မရပ်ထားပါနဲ့။ ရုံးတော်မှ အပြစ်ချနိုင်သည့်အပြင် ကလေးများအား ဘေးရန်ဖြစ်စေသည်။
- ကျောင်းအပြင်တွင် 'ဂ' ကွေ့ သို့မဟုတ် ရှေ့တိုးနောက်ဆုတ် ပြန်မကွေ့ပါနဲ့။
- သင်တို့၏ ကလေးများရှေ့တွင် ဘေးကင်းစေပြီး ထောက်ထားညှာတာတတ်သော လမ်းသွား နှင့် ယာဉ်မောင်းသူများ အဖြစ် ပြသကြပါ။

ကူညီထောက်ပံ့မှု လိုသေးလျှင်။

ဌာန၏ လမ်းပန်းဆ ဘေးကင်းရန် ပညာပေး အစီအစဉ်ကို ရှုပါ။
https://education.nsw.gov.au/road-safety-education သို့မဟုတ် ရှုပြီး
https://education.nsw.gov.au လမ်းပေါ်ဘေးကင်းရေးဆိုင်ရာ ပညာ ကို ရှာပါ။

ကားမောင်းသွားစဉ် သင်၏ ကလေးများသည်။

- အသက် ၄ နှစ် နှင့် ရ နှစ် အတွင်း ဖြစ်ရင် တိုးမြှင့်ထားသောထိုင်ခုံကို အသုံးပြုပါ။ တရားဝင် သတ်မှတ်ထားချက်ဖြစ်သည်။
- ခါးပတ်ကြိုးများ ပတ်ထားရမည်။
- 'ဘေးကင်း တံခါး' ဟုခေါ်ကြသည့် လမ်းဘေး ပလက်ဖောင်းနှင့် အနီးဆုံး ကား၏အနောက် တံခါးမှသာ ကားပေါ်မှ ဆင်းကြ တက်ကြပါ။
- ကလေးများကို ကားထဲ ဘယ်တော့မှ ပစ်မထားရ။

၆ လ အထိ
အသိအမှတ်ပြု လက်ခံထားသော ယာဉ် အနောက်ဖက်သို့ လှည့်ထားသည့် ကလေး ကားထိုင်ခုံ။

၆ လ အရွယ်မှ ၄ နှစ် အထိ
အသိအမှတ်ပြု လက်ခံထားသော ယာဉ် အနောက်ဖက် သို့မဟုတ် အရှေ့ဖက်သို့ လှည့်ထားသော ကလေး ကားထိုင်ခုံ။

၄ နှစ် အထက်
အသိအမှတ်ပြု လက်ခံထားသော ယာဉ် အရှေ့ဖက်သို့ လှည့်ထားသည့် ကလေး ကားထိုင်ခုံ သို့မဟုတ် မြှင့်ထားသည့်ထိုင်ခုံ။

၁၄၅ စင်တီမီတာ သို့မဟုတ် ထိုထက်မြင့်
လုံကြီး ကားထိုင်ခုံ ခါးပတ် သုံးရန် အကြံပြုသည့် အနည်းဆုံး အရပ်အမြင့်။